www.dhammadownload.com

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ဧကဂ္ဂလသာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

အရှင်မဟာကစ္စာယနမထေရ်၏

ကြဝါဒ ၄-ကြိမ် သိကောင်းစရာ

သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၁၀

www.dhammadownload.com

ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာ။
နားအကြားတွင်၊ ကောင်းသူပင်၊ နားလျှင်ပင်းပမာ။
စကားပြောတွင်၊ ကောင်းသူပင်၊ အ-သွင်ဆွံ့ပမာ။
ပြည့်ဝအားအင်၊ ရှိသူပင်၊ အားအင်နည်းပမာ။
ဤကဲ့သို့ပင်၊ ကျင့်နိုင်လျှင်၊ တရားမြင်မည်သာ။

www.dhammadownload.com

မဟာစည်သာယာက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ဇာဂရဘိဝံသ

ဟောကြားသော

အရှင်မဟာကစ္စာယနမထေရ်၏
ဩဝါဒ ၄-ကြိမ် သိကောင်းစရာ



သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၃ ခရစ် - ၂၀၁၀

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

၂၀၁၀-ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၂၀၀၀

ဘန်ဘိုး -

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး

ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၅)က ထုတ်ဝေ၍

ဦးသိန်းထွန်း (၀၄၈၂၂)၊ သိန်းထွန်းအော့ဖ်ဆက်

အမှတ်-၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်မှ ပုံနှိပ်သည်။

ဖုန်း - ၅၄၂၀၅၆

ဖြန့်ချိရေး

၃-ပိုလ်မှူးကြီး တင်အောင်(လေ-ငြိမ်း) (၀၃၃၆၆)

သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိသည်။

ဖုန်း - ၀၁-၆၆၁၅၉၇၊ ၆၅၀၅၇၆

www.dhammadownload.com

အရှင်မဟာကစ္စာယနမထေရ်၏
သြဝါဒ ၄-ဖြာ သီကောင်းစရာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁၃၅၈-ခု၊ နတ်တော်လဆုတ် ဂ-ရက်နေ့မှာ မြိတ်မြို့၊ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ တရားစခန်းပွဲ၌ ဟောကြားရမည့်တရားတော်က အရှင်မဟာကစ္စာယန မထေရ်၏ သြဝါဒ ၄-ချက်တရားတော် ဖြစ်ပါတယ်။

ဝိပဿနာတရား အားထုတ်တဲ့ပုဂ္ဂိုလ်တွေအတွက် အထူးကျေးဇူးများတဲ့ သြဝါဒ ၄-ချက်ပဲ။ ဝိပဿနာတရား အားထုတ်တဲ့ပုဂ္ဂိုလ်တွေ တရားမတွေ့သေးတဲ့ပုဂ္ဂိုလ်တွေက တရားတွေ မြန်မြန်တွေ့ချင်၊ တရားတွေ့ပြီးတဲ့ပုဂ္ဂိုလ်တွေက တရားတွေ မြန်မြန်တက်ချင်၊ တရားထူးတရားမြတ်တွေ မြန်မြန်ရချင်ကြတယ်။ အဲဒီလို တရားတွေ

www.dhammadownload.com

မြန်မြန်တွေ့ရအောင်၊ တရားတွေ မြန်မြန်တက်ရအောင်၊ တရားထူးတရားမြတ်တွေ မြန်မြန်ရရအောင်လို့ မြတ်စွာဘုရား၏ အလိုတော်ကို အသိတော်မူဆုံးဖြစ်တဲ့ အရှင်မဟာကစ္စာယနမထေရ်က ဩဝါဒတရား ၄-ချက် မိန့်ကြားခဲ့ပါတယ်။

အရှင်မဟာကစ္စာယနမထေရ်ဆိုတာ မြတ်စွာဘုရား အကျဉ်းချုပ်ဟောကြားတဲ့ တရားတော်တွေကို အကျယ်ချဲ့ပြီးတော့ ဟောကြားတဲ့နေရာမှာ အတော်ဆုံး၊ အကောင်းဆုံး တာဝန်ရတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။

တရားနာပရိသတ်များအတွက်၊ ဝိပဿနာတရား ရှုမှတ်တဲ့ပုဂ္ဂိုလ်များအတွက် အရှင်မဟာကစ္စာယနမထေရ်က ဩဝါဒ ၄-ချက် မိန့်ကြားခဲ့ပါတယ်။ ဒီဩဝါဒ ၄-ချက်ကို လိုက်နာမယ်၊ ကျင့်ကြံမယ်ဆိုလို့ရှိရင် ယခုပြောခဲ့တဲ့အတိုင်း တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူးတရားမြတ်တွေ မိမိတို့၏ ပါရမီအားလျော်စွာ မြန်မြန်ရသွားနိုင်ပါတယ်။ ရှေးဦးစွာ သမာဓိဖြစ်အောင် အားထုတ်ဖို့ ဩဝါဒ ၄-ချက်ပါပဲ။

www.dhammadownload.com

၁-နံပါတ် ဩဝါဒက -

စက္ခုမာ'သ ယထာ အန္ဓော။
(ထေရအဋ္ဌကထာ-၂/၁၄၀)

စက္ခုမာ = မျက်စိအမြင် ကောင်းသောသူဖြစ်စေကာမူ၊ **အန္ဓော ယထာ** = ကန်းနေသောပုဂ္ဂိုလ်ကဲ့သို့၊ **အဿ** = ဖြစ်ရာ၏။ **ဣတိ** = ဤသို့၊ **မဟာကစ္စာယနော** = အရှင်မဟာကစ္စာယနမထေရ်သည်၊ **အဝေါစ** = ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ယခုလို ဝိပဿနာတရားအားထုတ်နေတဲ့ အခိုက်အတန့်မှာ မိမိ၏ မျက်စိအကြည်၊ မျက်စိအမြင်သည် ဘယ်လိုပင်ကောင်းပြားသော်လည်း မျက်စိမမြင်သည့် ပုဂ္ဂိုလ်လို ကျင့်ရမယ်။ မှတ်သားဖွယ်ကောင်းလို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒီဆောင်ပုဒ်လေး ရှေးဦးစွာ ဆိုကြရအောင်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာ။

ယခုတရားနာပရိသတ်များလို မဂ်ရောက်ဖိုလ်ရောက် တရားထူးတရားမြတ်တွေ ရတဲ့အထိ အားထုတ်ကြတော့မယ်ဟု ရည်ရွယ်၍ ဝိပဿနာတရား အားထုတ်တဲ့အခါမှာ မိမိ၏ မျက်စိအကြည်၊ မျက်စိအမြင်သည် ဘယ်လိုပင်ကောင်းပြားသော်လည်း မမြင်တဲ့ပုဂ္ဂိုလ်လို၊ ကန်းနေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ထိုင်မှတ်တဲ့နေရာမှာတော့ မျက်စိကို မှိတ်ထားလို့ အထူးပြောစရာမရှိဘူး။ စက််လျှောက်တဲ့အခါ အထွေထွေအသေးစိတ်မှတ်တဲ့အခါမှာ မျက်စိက နဂိုအတိုင်းပဲ မိမိတို့အိမ်မှာ၊ ရပ်ထဲရွာထဲမှာ၊ မြို့ထဲမှာ နေတဲ့အတိုင်းပဲ ကျယ်ကျယ်ပြန့်ပြန့် ကြည့်နေမယ်ဆိုလို့ရှိရင် သမာဓိမဖြစ်တော့ဘူး။ စက််မှာလည်း သမာဓိ ကောင်းကောင်းမဖြစ်တော့ဘူး။ အထွေထွေအသေးစိတ်အမှတ်တွေမှာလည်း သမာဓိ ကောင်းကောင်းမဖြစ်တော့ဘူး။

www.dhammadownload.com

မျက်စိကနေပြီး အာရုံတွေပြားပြီးတော့ သမာဓိတွေ ပျက်နေတယ်။ သမာဓိမှ မဖြစ်ဘူးဆိုရင်တော့ ဝိပဿနာ ဉာဏ်လည်း မဖြစ်တော့ဘူးတဲ့။ သမာဓိဖြစ်မှ ဝိပဿနာ ဉာဏ်ဖြစ်တယ်။ တရားနာပရိသတ်များ၊ ယောဂီများ အထူးသတိထားဖို့ပါပဲ။

အစစွာ၊ ရှေးဦးစွာ အားထုတ်တဲ့အခါမှာ သမာဓိ ဖြစ်အောင် ရှေးဦးစွာ အားထုတ်ရတယ်။ သမာဓိဖြစ်လာ ပြီဆိုလို့ရှိရင် ဝိပဿနာဉာဏ်ဟာ နောက်က အလိုလို ဆိုတာလို လိုက်ပြီးတော့ဖြစ်လာတယ်။ အဲဒီသမာဓိဖြစ် အောင် မိမိ၏မျက်စိကို အထူးပဲ စောင့်ရှောက်ရတယ်။ စကြီသွားတဲ့အခါလည်း စက္ခုန္ဒြေလေးချ၊ အထွေထွေ အသေးစိတ်အမှတ်တွေ မှတ်နေတဲ့အခါမှာလည်း စက္ခုန္ဒြေ လေးချပြီးတော့ ရှုမှတ်နေရတယ်တဲ့။

"မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာ" ဆိုတဲ့အတိုင်း မျက်စိကို အမြဲတမ်းပဲ မှိတ်ထားရတော့ မှာလား၊ ပိတ်ထားရတော့မှာလားဆိုတော့ ဒီလိုမဟုတ်ပါ ဘူးတဲ့။ မြင်လျှင်မြင်ကာမျှမတွှာမှာ တည်အောင် ကြည့် တတ်ရမယ်လို့ ဆိုလိုပါတယ်။

www.dhammadownload.com

မြင်လျှင်မြင်ကာမျှမတွေ့ဆိုတာ အမျိုးသားလား၊ အမျိုးသမီးလား၊ အရပ်က မြင့်သလား၊ နိမ့်သလား၊ အသားက ဖြူသလား၊ မည်းသလား၊ မျက်လုံး၊ မျက်ခုံးတွေက ဘယ်လိုနေတယ် စသည်ဖြင့် ကွဲပြားအောင် မကြည့်ရဘူး။ မကွဲပြားအောင် ရှုရမယ်၊ ကြည့်ရမယ်။

သမာဓိဉာဏ်တွေ အခြေခံမရှိတဲ့ပုဂ္ဂိုလ်များအတွက်တော့ အလွန်ခက်တယ်။ ဘယ်လိုမိန့်ကြားတာပါလဲ၊ မြင်ပါပြီဆို အားလုံးမြင်သွားပြီ။ မြင်ကာမျှမတွေ့ဆိုတာ ဘယ်လိုပါလဲ၊ အလွန်ပဲ ခက်နေတတ်ပါတယ်။ တရားနာပရိသတ်များလို၊ ယောဂီဟောင်းကြီးများလို သမာဓိဉာဏ် အခြေခံရှိတဲ့ပုဂ္ဂိုလ်တွေအတွက်တော့ မခက်လှပါဘူး။

စကြံ့အမှတ်ကောင်းနေတဲ့ ယောဂီပုဂ္ဂိုလ်ကကြွတယ်၊ လှမ်းတယ်၊ ချတယ်ဟု စကြံ့ရှုမှတ်နေတဲ့အခါကြွလိုက်တဲ့အခါ ပေါ့ပေါ့တက်သွားတာ၊ လှမ်းလိုက်တဲ့အခါ ပေါ့ပေါ့ပြီးတော့ ရှေ့ကို ရွှေ့သွားတာ၊ ချလိုက်တဲ့အခါ လေးလေးပြီးတော့ ကျသွားတာကို တွေ့နေရတဲ့ ယောဂီပုဂ္ဂိုလ်၊ အမှတ်တွေကောင်းနေတဲ့ ယောဂီပုဂ္ဂိုလ်

www.dhammadownload.com

အနားက လူတစ်ယောက် ဖြတ်သွားတယ်။ ဖြတ်သွားပြီးတဲ့အခါ ယောဂီကို သွားမေးကြည့်။ "ယောဂီနားက ဖြတ်သွားတာ ဘယ်သူလဲ" "မသိပါဘူး၊ ဘယ်သူလဲတော့ မသိဘူး။ လူတစ်ယောက်တော့ ဖြတ်သွားတာပဲ"။ အမျိုးသားလား၊ အမျိုးသမီးလား မကွဲပြားဘူးတဲ့။ မြင်လျှင် မြင်ကာမျှမတ္တမှာ တည်သွားတာ သိပ်ထင်ရှားတယ်။

လူတစ်ယောက် ဖြတ်သွားတာတော့ သိတယ်။ အမျိုးသားလား၊ အမျိုးသမီးလား မကွဲပြားတာကို မြင်လျှင်မြင်ကာမျှမတ္တဟု ဆိုရပါတယ်။ အဲဒီလို မြင်လျှင် မြင်ကာမျှမတ္တ တည်သွားပြီဆိုရင် သမာဓိက အားကောင်းလာလို့ တရားတွေ ရှုမှတ်လို့ အထူးပဲ ကောင်းလာတတ်ပါတယ်။

မြင်လျှင်မြင်ကာမျှမတ္တမှာတည်တာ ဘာကြောင့် တည်သွားတာလဲ။ မြင်သိစိတ်တွေ ထင်ထင်ရှားရှားပဂ္ဂိုလ် သတ္တဝါတွေ ကွဲအောင် သိနိုင်တယ်ဆိုတာ အကြောင်း ၄-ချက်နဲ့ပြည့်စုံမှ သိနိုင်တယ်။ မျက်စိအကြည်ကလည်း ရှိပါမှ၊ ရူပါရုံ အဆင်းကလည်း ရှိပါမှ၊ အရောင်အလင်း

www.dhammadownload.com

ကလည်း ရှိပါမှ၊ နလုံးသွင်းမှုကလည်း ရှိပါမှ။ အကြောင်း ဘယ်နှချက်ပါလဲ ... ၄-ချက်ပါဘုရား။

မျက်စိအကြည်ကလည်း ကောင်းပါမှ ရှိပါမှ၊ ရူပါရုံ အဆင်းကလည်း ရှိပါမှ၊ အရောင်အလင်းကလည်း ရှိပါမှ၊ နှလုံးသွင်းကလည်း ရှိပါမှ။ အကြောင်း ၄-ချက်ပြည့်စုံမှ သာလျှင် မြင်သိစိတ်က ထင်ထင်ရှားရှားဖြစ်တယ်။

ဒီအကြောင်း ၄-ချက်ထဲက ယောဂီဟာ မျက်စိ အကြည်လည်းရှိတယ် ကောင်းတယ်၊ ရူပါရုံ အဆင်းလည်း ရှိနေတယ်၊ အရောင်အလင်းလည်း ရှိနေတယ်၊ ဒါပေမဲ့ ယောဂီက နှလုံးသွင်းမှု မရှိဘူး။ ဘယ်မှာနှလုံးသွင်းနေ လဲဆိုတော့ အမှတ်မှာ နှလုံးသွင်းနေတယ်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဆိုတဲ့ အမှတ်မှာ ပဲ နှလုံးသွင်းနေတော့ နှလုံးသွင်းမှုက မရှိတဲ့အတွက် ကြောင့် ဒီရူပါရုံ အဆင်းဟာ မထင်ရှားဘူး။ အမျိုးသား လား၊ အမျိုးသမီးလား ကွဲပြားပါရဲ့လား ... မကွဲပြား ပါဘုရား။ မကွဲပြားဘူး။ မြင်လျှင်မြင်ကာမျှမတ္တမှာ

www.dhammadownload.com

တည်သွားတယ်။ အဲဒီလိုတည်သွားလို့ရှိရင် မုတ်အား တွေ ကောင်းလာပြီတဲ့။

လောကရေးရာနဲ့ ဓမ္မရေးရာ ဖြောင့်ဖြောင့်ဆန့်ကျင်တယ်။ လောကရေးရာမှာတော့ မျက်စိအမြင် ကောင်းတဲ့ပုဂ္ဂိုလ် သူတစ်ပါးမမြင်ခင် မြင်တဲ့ပုဂ္ဂိုလ်တွေ ပိုပြီးတော့ အကျိုးများတယ်။ ကြိုတင်ပြီးတော့ မြင်ထားတယ်၊ ကြိုတင်ပြီးတော့ ကြည့်ထားတဲ့အတွက်ကြောင့် ဆောင်ရွက်စရာတွေဟာ အချိန်မီ ဆောင်ရွက်နိုင်ကြတယ်။ အကျိုးများပါတယ်။

ဓမ္မရေးရာဘက်က လောကုတ္တရာရေးရာဘက်က ဝိပဿနာတရား အားထုတ်တဲ့အခါမှာတော့ မျက်စိအမြင် မကောင်းတဲ့ပုဂ္ဂိုလ်၊ ကန်းနေတဲ့ပုဂ္ဂိုလ်က ပိုပြီးတော့ အကျိုးများတယ်။ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်လို ကြည့်တတ်မှ သမာဓိတွေ မြန်မြန်ဖြစ်တယ်။

လောကီရေးရာနဲ့ လောကုတ္တရာရေးရာ ဖြောင့်ဖြောင့်ဆန့်ကျင်တာ များပါတယ်။ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်လို ကြည့်နိုင်မှသာလျှင် တရားတွေ မြန်မြန်တွေ့၊

www.dhammadownload.com

တရားတွေ မြန်မြန်တက်၊ တရားထူးတရားမြတ်တွေ မြန်မြန်ရနိုင်ပါတယ်။

ယခုတရားနာပရိသတ်များ အားထုတ်နေကြတာ လောကီလား၊ လောကုတ္တရာလား ... လောကုတ္တရာပါဘုရား။ လောကုတ္တရာအတွက် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ ရဖို့ရာအတွက် အားထုတ်နေကြတာဖြစ်တဲ့အတွက်ကြောင့် လောကုတ္တရာအတွက် အားထုတ်နေကြတာ လောကုတ္တရာဖြစ်တယ်။ လောကီရေးရာနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တယ်။

လောကတော ဥတ္တရံ လောကုတ္တရံ။

လောကတော = လောကမှ၊ **ဥတ္တရံ** = လွန်မြောက်တတ်သည်တည်း။ **လောကုတ္တရံ** = လောကမှ လွန်မြောက်သည်။

လောကမှ လွန်မြောက်တာ လောကုတ္တရာ။ အဲဒီလောကုတ္တရာတရားတွေရဖို့ ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက လောကနဲ့ ဆန့်ကျင်ဘက်ပဲများပါတယ်။

www.dhammadownload.com

အဲဒီလို ဆန့်ကျင်ဘက် အားထုတ်နိုင်ပြီဆိုလို့ရှိရင်တော့ တရားတွေတွေ့၊ တရားတွေတက်၊ တရားထူးတရားမြတ်တွေ မိမိတို့၏ ပါရမီအားလျော်စွာ မြန်မြန်ရနိုင်ပါတယ်ဆိုတဲ့အဓိပ္ပါယ်။

မြင်လျှင်မြင်ကာမျှမတ္တမှာ တည်အောင် ကြည့်တတ်ရမယ်။ မြင်လျှင်မြင်ကာမျှမတ္တမှာ တည်အောင် ကြည့်တယ်ဆိုတာက တကယ်တမ်းကြည့်တော့မယ်ဆိုလို့ရှိရင် မြင်စရာ၊ ကြည့်စရာ အာရုံတစ်ခုကို ကြည့်ရတော့မယ်ဆိုလို့ရှိရင် သုံးဆင့်ထားပြီးတော့ ကြည့်ရမယ်။

ရှေးဦးစွာ ကြည့်ချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ ဖြစ်လာတော့ ကြည့်ချင်တယ်၊ ကြည့်ချင်တယ်ဟု ရူမှတ်ရပါတယ်။ နောက်မှ မကြည့်မဖြစ် ကြည့်ရတော့မယ်ဆိုရင် ကြည့်တယ်၊ ကြည့်တယ်ဟု ရူမှတ်ရပါတယ်။ မျက်လုံးအမူအရာလေး အားယူနေတာကို ကြည့်တယ်၊ ကြည့်တယ်။ အပေါ်မျက်ခွံက အပေါ်ကိုတက်၊ အောက်မျက်ခွံက အောက်ကိုကျ၊ အတွင်းမျက်လုံးက အားယူနေတာကို ကြည့်တယ်၊ ကြည့်တယ်ဟု ရူမှတ်ရပါတယ်။ မြင်လာတဲ့အခါကျမှ မြင်ကာမျှမတ္တမှာ တည်အောင်

www.dhammadownload.com

မြင်တယ်၊ မြင်တယ်ဟု ဘယ်နှဆင့်ထားပြီးတော့ ကြည့်ရပါလဲ ... သုံးဆင့်ထားပြီးတော့ ကြည့်ရပါတယ် ဘုရား။

သုံးဆင့်ထားပြီးတော့ ကြည့်ရတယ်။ ကြည့်ချင်တယ်၊ ကြည့်ချင်တယ်၊ ကြည့်တယ်၊ ကြည့်တယ်၊ မြင်တယ်၊ မြင်တယ်လို့ သုံးဆင့်ထားပြီးတော့ ကြည့်ရတယ်။

ကြည့်ချင်တယ်၊ ကြည့်ချင်တယ်ဟု ရှုမှတ်ရတာက ကြည့်ချင်တဲ့စိတ်ကို ရှုမှတ်ရတဲ့အတွက်ကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေရ။ ကြည့်တယ်၊ ကြည့်တယ်ဟု မှတ်ရတဲ့အခါကျတော့ မျက်လုံးအမူအရာ ကိုယ်ကာယကို မှတ်ရတဲ့အတွက်ကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေရတယ်။ မြင်တယ်၊ မြင်တယ်ဟု မြင်ကာမျှမတွယ်မှာတည်အောင် ရှုမှတ်တဲ့အခါကျတော့ သဘောတရားမျှကို ရှုမှတ်ရတဲ့အတွက်ကြောင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေရပြန်တယ်။

www.dhammadownload.com

ဝိပဿနာအခြေခံရှိတဲ့ပုဂ္ဂိုလ်တွေ တစ်ခါကြည့်လိုက်တာ ကုသိုလ်ဘယ်နှမျိုးရသွားပါလဲ ... ၃-မျိုးရသွားပါတယ်ဘုရား။ ၃-မျိုးရသွားတယ်။ အဲဒီလို မြင်လျှင်မြင်ကာမျှမတ္တမှာ တည်အောင် ကြည့်တတ်ပြီဆိုလို့ရှိရင် သမာဓိတွေ အားကောင်းပြီးတော့ တရားတွေ ထူးထူးခြားခြား မှတ်လို့ကောင်းလာတတ်ပါတယ်။

သမာဓိအားကောင်းမှ ဝိပဿနာတရား ရှုမှတ်လို့ကောင်းပါတယ်။ ချမ်းချမ်းသာသာ ရှုမှတ်လို့ရတယ်။ သမာဓိက အားနည်းနေပြီဆိုလို့ရှိရင်တော့ ရှုမှတ်ရတာ၊ စိတ်ကိုထိန်းရတာ မသက်သာတော့ဘူး။ တရားသဘောတွေက မတွေ့လို့၊ မှတ်လို့ရှုလို့မကောင်းတော့ ဆင်းဆင်းရဲရဲနဲ့ပဲ ရှုမှတ်နေရတတ်တယ်။

ဒါကြောင့် သမာဓိအားကောင်းဖို့ မိမိတို့၏မျက်စိကို အထူး မစောင့်ရှောက်ရပါဘူးလား ... စောင့်ရှောက်ရပါတယ်ဘုရား။ စောင့်ရှောက်ရတယ်။ စက္ခုန္ဒြေကို စောင့်ရှောက်လို့၊ မြင်လျှင်မြင်ကာမျှမတ္တမှာ တည်အောင်ထားပြီးတော့ ကြည့်တတ်လို့ တရားထူးတရားမြတ်

www.dhammadownload.com

ရသွားတဲ့ သာဓကတွေ တော်တော်များများပဲရှိပါတယ်။ အထင်ရှားဆုံးကတော့ စိတ္တဂုတ္တမထေရ်ဖြစ်တယ်။

(ဝိသုဒ္ဓိမဂ္ဂ-၄-၁/၃၆)

တစ်ချိန်သောအခါ မထေရ်ကြီးတစ်ပါးဟာ ကုရဏ္ဍကဆိုတဲ့ လိုဏ်ဂူကြီးထဲမှာ တရားအားထုတ်နေတယ်။ သူ့ရဲ့ဘွဲ့တော်က စိတ္တဂုတ္တမထေရ်။ သူ့လိုဏ်ဂူက ကုရဏ္ဍကလိုဏ်ဂူ။ စိတ္တဂုတ္တဆိုတာ စိတ်ကိုစောင့်ရှောက်တာ။ စိတ္တ-က စိတ်၊ ဂုတ္တ-က လုံခြုံအောင် စောင့်စည်းတာ။ စကျွဝိညာဏ်စိတ် မျက်စိကို လုံခြုံအောင် စောင့်စည်းတဲ့ မထေရ်ကြီးပဲ။

သက်တော်က-၈၀၊ ဝါတော်က-၆၀ ရှိသွားပြီ။ သူနေတဲ့ လိုဏ်ဂူအတွင်းမှာရှိတဲ့ လိုဏ်ဂူနံပါးမှာရေးထားတဲ့ ဝိပဿီစတဲ့ ဘုရား ၇-ဆူတို့၏ ပန်းချီဆေးရေးကားတွေ တောထွက်ခန်းတွေ အလွန်ပဲ ပြောင်မြောက်တယ်တဲ့။ အဲဒါကိုလည်း တစ်ခါမှ မော့မကြည့်ဖူးဘူး။ သက်တော်က-၈၀၊ ဝါတော်က-၆၀ ရှိနေပြီတဲ့။ လိုဏ်ဂူဝမှာရှိတဲ့ ကံ့ကော်ပင်ကြီးကိုလည်း တစ်ခါမှ မော့မကြည့်ဖူးဘူးတဲ့။

www.dhammadownload.com

လိုဏ်ဂူနံပါးမှာ ပန်းချီဆေးရေးကားတွေ ရှိတယ် ဆိုတာ ဘယ်လိုသိရလဲဆိုတော့ မြို့နေရဟန်းငယ်တွေ ကျောင်းစဉ်လှည့်လည်ပြီးတော့ ကြည့်ကြတဲ့အခါ မထေရ်ကြီး၏ လိုဏ်ဂူအတွင်းကို ရောက်လာတဲ့အခါ လိုဏ်ဂူ နံပါးမှာရှိတဲ့ တောထွက်ခန်းတွေ ပန်းချီဆေးရေးကားတွေ ကြည့်ကြတယ်။ ကြည့်ပြီးတဲ့အခါ ပြန်ခါနီးမှာ မထေရ်ကြီးကို လာနှုတ်ဆက် ရှိခိုးဦးချကြတယ်။

ရှိခိုးဦးချပြီးတဲ့အခါ "အရှင်ဘုရား လိုဏ်ဂူနံပါးမှာ ရေးထားတဲ့ ဝိပဿီစတဲ့ ဘုရား ၇-ဆူတို့၏ ပန်းချီ ဆေးရေးကားတွေ အလွန်ပြောင်မြောက်တာကိုးဘုရား၊ အလွန်ကြည့်ချင်စရာကောင်းတာကိုးဘုရား" ဟု လျှောက် ထားတော့ မထေရ်ကြီးက "အင်း ... အရှင်ဘုရားတို့ လျှောက်ကြားလို့သိရတယ်။ ဆရာတော်ကတော့ တစ်ခါမှ မကြည့်ဖူးဘူး" တဲ့။ အဲဒီရဟန်းငယ်တွေ လျှောက်ထားလို့ ပန်းချီဆေးရေးကားတွေ ရှိတယ်ဆိုတဲ့အကြောင်းကို မထေရ်ကြီးသိရတယ်။

ကံ့ကော်ပင်ပဲလို့ သူဘယ်လိုသိလဲ။ ကံ့ကော်ပင် ပွင့်တဲ့အချိန်ကျတော့ ကံ့ကော်ပွင့်တွေ အောက်ကို

www.dhammadownload.com

ကြွေကျတော့ အပွင့်တွေကို မြင်တဲ့အခါ ဒါကံ့ကော်ပင်ကြီးပဲလို့ မသိရပါဘူးလား ... သိရပါတယ်ဘုရား။ ကျောင်းဝမှာ ကျောင်းရှေ့မှာ ကံ့ကော်ပင်ကြီးလည်းရှိတယ်။ အဲဒီကံ့ကော်ပင်ကြီးကိုလည်း ဝါတော်(၆၀)ရှိသွားပြီ၊ တစ်ခါမှ မော့မကြည့်ဖူးဘူးတဲ့။ ကံ့ကော်ပွင့်တွေအောက်ကို ကြွေကျတာကိုမြင်တော့ ဒါကံ့ကော်ပင်ကြီးပဲလို့ သိတယ်။ အခုလောက်ပဲ စက္ခုန္ဒြေကို စောင့်စည်းပြီးတော့ တရားအားထုတ်နေတယ်။

(ဝိသုဒ္ဓိမဂ္ဂ-ဋ္ဌ-၁/၃၇)

အဲဒီလို မျက်စိကို စက္ခုန္ဒြေကို အထူးစောင့်စည်းပြီးတော့ တရားအားထုတ်နေတဲ့ မထေရ်ကြီးတစ်ပါးရှိတယ်ဟု တိုင်းပြည်အုပ်ချုပ်တဲ့ မင်းကြီးကြားသွားတဲ့အခါ အလွန်ပဲဖူးချင်၊ အလွန်ပဲတွေ့ချင်တော့ မှူးကြီးမတ်ရာတွေကို ပင့်ခိုင်းတယ်။ "မင်းကြီးက နန်းတော်ကိုကြွဖို့ရာ ပင့်ခိုင်းလိုက်ပါတယ်ဘုရား" ဟု လျှောက်ထားကြတယ်။

ပထမတစ်ခါပင့်လည်းမကြွ၊ ဒုတိယအကြိမ် နှစ်ခါပင့်လည်းမကြွ၊ တတိယအကြိမ် သုံးခါပင့်လည်းမကြွ

www.dhammadownload.com

ဘူးတဲ့။ သာသနာရေးကိစ္စမပါတော့ ဆရာတော်ဘုရားကြီး သူ့အမှတ်တွေ ပျက်သွားမှာစိုးတဲ့အတွက်ကြောင့် မကြွဘူး။ မကြွတော့ မင်းကြီးကလည်း ဥပါယ်တံမျဉ်လိမ္မာတဲ့ မင်းကြီးဖြစ်သည့်အတွက်ကြောင့် နန်းတော်အနီးမှာရှိတဲ့ မဟာဂါမရွာကြီးက နို့စို့ကလေးငယ်ရှိတဲ့ အမျိုးသမီးငယ်တွေကို အကုန်လုံး မောင်းခတ်ပြီး ခေါ်စေတယ်။ ရောက်လာတဲ့အခါ ရင်လွှမ်းတဘက်ပတ်၊ ချိပ်ပိတ်၊ မင်းတံဆိပ်နှိပ်ထားလိုက်တယ်။

"စိတ္တဂုတ္တမထေရ် မဟာဂါမရွာသို့ မကြွလာမချင်း ဒီရင်လွှမ်းတဘက်ကို မဖွင့်ရဘူး၊ ကလေးငယ်တွေကို နို့မတိုက်ရဘူး" ဟု အမိန့်ထုတ်ထားလိုက်တယ်။ အဲဒီအမိန့်ထုတ်ထားတာကို အဆင့်ဆင့် မထေရ်ကြီးထံကြားသွားတယ်။ ကြားသွားတော့ တရားဓမ္မနဲ့နေတဲ့ ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ကလေးငယ်တွေကို သနားတဲ့စိတ်တွေဖြစ်တယ်။ ကလေးငယ်တွေကို သနားတာနဲ့ မထေရ်ကြီး မဟာဂါမရွာသို့ ကြွလာပါတယ်။

www.dhammadownload.com

မဟာဂါမရွာသို့ ရောက်လာတဲ့အခါ မင်းကြီးက တစ်ခါ နန်းတော်ထဲကိုပင့်တယ်။ မဟာဂါမက နောက်လိုက်နောက်ပါ သံဃာတွေနဲ့ မထေရ်ကြီးကို နန်းတော်အတွင်းသို့ပင့်တယ်။ ပင့်ပြီးတော့ ဆွမ်းကပ်၊ တရားဓမ္မနာကြား၊ အနုမောဒနာတရား နာကြားပြီးတဲ့အခါ မထေရ်ကြီး ပြန်ကြွပါတယ်။ ပြန်ကြွတဲ့အခါ အထူးအလေးပြုရတဲ့ မထေရ်ကြီးဖြစ်သည့်အတွက်ကြောင့် မင်းကြီးရော၊ မင်းကြီး၏ပရိသတ်တွေရော၊ မိဖုရားကြီးရော၊ မိဖုရားကြီး၏ပရိသတ်တွေရော သင့်တော်ရာ နန်းတော်ရင်ပြင်တိုင်အောင် လိုက်ပြီးတော့ ပို့ကြတယ်။

သင့်တော်တဲ့ နန်းတော်ရင်ပြင်ကိုရောက်ပြီးတော့ ပြန်ကြတော့မယ်ဆိုတဲ့အခါကျတော့ မင်းကြီးက ဆရာတော်ကြီးရှေ့မှောက်သို့ ဝင်ပြီးတော့ ရှိခိုးဦးချ။ ရှိခိုးဦးချတဲ့အခါ "မင်းကြီးကျန်းမာပါစေ၊ မင်းကြီးချမ်းသာပါစေ" ဟု ဆုပေးလေ၏။

မင်းကြီးကန့်တော့်ပြီးသည့်အခါ မိဖုရားကြီးက တစ်ခါဝင်ပြီးတော့ ကန်တော့်ပြန်တယ်။ မိဖုရားကြီး ကန်တော့်သည့်အခါမှာလည်း "မင်းကြီးကျန်းမာပါစေ၊

www.dhammadownload.com

မင်းကြီးချမ်းသာပါစေ”ဟုပဲ ဆုပေးလေ၏။ မင်းကြီး ကန်တော့သည့်အခါမှာလည်း မင်းကြီးကျန်းမာပါစေ၊ မင်းကြီးချမ်းသာပါစေ။ မိဖုရားကြီး ကန်တော့သည့် အခါမှာလည်း ဘယ်လိုဆုပေးနေပါလဲ ... မင်းကြီး ကျန်းမာပါစေ၊ မင်းကြီးချမ်းသာပါစေဟု ဆုပေးနေပါတယ် ဘုရား။

မင်းကြီးကျန်းမာပါစေ၊ မင်းကြီးချမ်းသာပါစေဟုပဲ ဆုပေးပြီးတော့ နောက်လိုက်သံဃာတော်တွေနဲ့ ပြန် ကြွလာပါတယ်။ တည်းခိုရာ မဟာဂါမရွာကျောင်းကို ရောက်လာတဲ့အခါ နောက်လိုက်သံဃာတွေက လျှောက် ထားကြတယ်။ “ဆရာတော်ကြီးဘုရား ... ဘယ်လိုဆု ပေးတာလဲ” “ဘယ်လိုဆုပေးလို့တုံး” “ဆရာတော်ကြီး ဘုရား မင်းကြီးလာကန်တော့သည့်အခါမှာလည်း မင်းကြီး ကျန်းမာပါစေ၊ မင်းကြီးချမ်းသာပါစေဆုပေးတယ်၊ မိဖုရား ကြီးလာကန်တော့သည့်အခါမှာလည်း မင်းကြီးကျန်းမာ ပါစေ၊ မင်းကြီးချမ်းသာပါစေပဲ ဆုပေးနေတယ်။ ဘယ်လို ဆုပေးတာလဲ”။ “မင်းကြီးလား၊ မိဖုရားကြီးလား ဆရာ တော် မကွဲပြားဘူး။ မင်းကြီးကပင့်ထားတော့ မင်းကြီးပဲ ဆုပေးနေရတာပဲ”။

www.dhammadownload.com

မြင်လျှင်မြင်ကာမျှမတွက်မှာ တည်နေတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ မင်းကြီးလား၊ မိဖုရားကြီးလား မကွဲပြားဘူးတဲ့။ ဒီလိုပဲ နန်းတော်က ပြန်ကြွလာတဲ့အခါ မင်းကြီးလာကန်တော့တဲ့အခါမှာလည်း မင်းကြီးကျန်းမာပါစေ၊ မင်းကြီးချမ်းသာပါစေ၊ မိဖုရားကြီးလာကန်တော့တဲ့အခါမှာလည်း မင်းကြီးကျန်းမာပါစေ၊ မင်းကြီးချမ်းသာပါစေပဲ ဆုပေးနေတော့ မင်းကြီးသိသွားတယ်။

"ဆရာတော်ဘုရားကြီး မြို့ထဲ၊ ရွာထဲမှာနေရတာ မျက်စိ=စက္ခုန္ဒြေကို အထူးစောင့်ရှောက်ရတာပဲ။ ဆရာတော်ဘုရားကြီးကို လိုဏ်ဂူသို့ ပြန်ပို့ပါ။ ဆရာတော်ဘုရားကြီး မျက်စိကိုစောင့်စည်းရတာ ပင်ပန်းလှပါတယ်"။ ဂ-ရက်မြောက်တဲ့နေ့ကျတော့ လိုဏ်ဂူသို့ ပြန်ပို့ခိုင်းပါတယ်။

စိတ္တဂုတ္တမထေရ် သီတင်းသုံးရာ ကုရဏ္ဍကလိုဏ်ဂူကို ပြန်ပို့လိုက်တယ်။ ပြန်ပို့လို့ ရောက်သွားတဲ့ညမှာ ဝိပဿနာတရားအားထုတ်တော့ ရှေးကညတွေ၊

www.dhammadownload.com

လွန်ခဲ့တဲ့ညတွေကထက် ပိုပြီးတော့ တရားသဘောတွေ ထင်ရှားတယ်။

ရုပ်တရား၊ နာမ်တရားတွေလည်း အထူးထင်ရှား၊ အကြောင်းအကျိုးတွေလည်း အထူးထင်ရှား၊ အဖြစ် အပျက်တွေလည်း အထူးထင်ရှား၊ ကုန်မှုပျက်မှုတွေလည်း ပိုထင်ရှား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေလည်း ပိုထင်ရှားတော့ မထေရ်ကြီးဟာ ညဥ့်ဦးယံကနေ သန်းခေါင်ယံ၊ သန်းခေါင်ယံကနေ မိုးသောက်ယံအထိ ဆက်လက်ပြီးတော့ အားထုတ်တယ်။ မိုးသောက်ယံကျ တော့ လေးမဂ်၊ လေးဖိုလ် အဆင့်ဆင့်တက်ပြီးတော့ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားတယ်တဲ့၊ ထူးခြားချက်ပဲ။

သက်တော်က(၈၀)၊ ဝါတော်က(၆၀)ရှိနေပြီ။ ရဟန္တာမဖြစ်သေးဘူး။ နန်းတော်က ပြန်လာတဲ့ညကျမှ ရဟန္တာဖြစ်တာ မထူးပါဘူးလား ... ထူးပါတယ်ဘုရား။ ထူးခြားချက်ပဲ။ တရားနာပရိသတ်များအတွက်တော့ မှတ်သားစရာပဲ။ ဘာဖြစ်လို့ ဒီလိုရဟန္တာဖြစ်တဲ့အထိ တက်သွားရတာလဲဆိုတော့ မြင်လျှင်မြင်ကာမျှမတွှမှာ တည်အောင် ရှုမှတ်ထားလို့ပဲ။

www.dhammadownload.com

နန်းတော်က ပရိသတ်တွေ၊ မင်းကြီးရဲ့ ပရိသတ်တွေ၊ မိဖုရားကြီးရဲ့ ပရိသတ်တွေဆိုတာ ရှေးက သက်ဦးဆံပိုင် အလွန်ထူးခြားတဲ့ ပရိသတ်တွေပဲ။ အလွန်ပြည့်စုံတဲ့ ပရိသတ်တွေ။ တခမ်းတနား သွားကြည့်ကြရတဲ့ ပရိသတ်တွေပဲတဲ့။ အဲဒီလို အတိုက္ကဋ္ဌာရုံ=အလွန်ကြည့်ချင်စရာကောင်းတဲ့ အာရုံတွေကိုပင်လျှင် မထေရ်ကြီးက မြင်လျှင်မြင်ကာမျှမတွယ်မှာ တည်အောင်ကြည့်နိုင်တာ သတိမေ့နေလို့လား၊ သတိကောင်းလို့လား ... သတိကောင်းလို့ပါဘုရား။ သတိမေ့ရင်တော့ ကြည့်မိမှာပဲ။ သတိက အထူးထားရတယ်။

မကြည့်မိရအောင် မြင်လျှင်မြင်ကာမျှမတွယ်မှာ တည်အောင် အထူးသတိထားပြီး ကြည့်နေတော့ သတိက ပိုကောင်းလာတယ်။ သတိကောင်းလာလို့ရှိရင် သတိကောင်းလာတာနဲ့အမျှ သမာဓိကလည်း ပိုဖြစ်တယ်။ သတိန္ဒြေ=အမှတ်သတိကောင်းတာနဲ့အမျှ သမာဓိန္ဒြေ=စိတ်တည်ငြိမ်မှုတွေ ဖြစ်လာတယ်။ သမာဓိန္ဒြေ=စိတ်တည်ငြိမ်မှုအားကောင်းတာနဲ့အမျှ ပညိန္ဒြေ=ဝိပဿနာဉာဏ်တွေဖြစ်လာတယ်။

www.dhammadownload.com

ဝိပဿနာဉာဏ်တွေဖြစ်လာတော့ ပိုထင်ရှားတယ်။ ရုပ်တရား၊ နာမ်တရားတွေ ထင်ရှား၊ အကြောင်းအကျိုးတွေကလည်း ထင်ရှား၊ ဖြစ်မှုပျက်မှုတွေကလည်း ထင်ရှားတော့ မထေရ်ကြီးက ဆက်လက်ပြီးတော့ ရှုမှတ်တယ်။ တရားတွေကောင်းနေတော့ အချိန်စေ့ပင်စေ့ငြား သော်လည်း မထေရ်ကြီးက မထသွားတော့ဘူး။ တရားနာပရိသတ်များလည်း နည်းယူစရာပဲ။ ကိုယ့်တရားအမှတ်တွေ သိပ်ကောင်းနေတဲ့အခါမှာ ကြေးမောင်းပင်ထိုးငြား သော်လည်း ထသွားမလား ... ထမသွားပါဘုရား။ မထတော့ဘူး။ ဆက်လက်ပြီးတော့ အားထုတ်နေတဲ့။

ဥဒယဗ္ဗယဉာဏ်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ တချို့တချို့ ယောဂီပုဂ္ဂိုလ်တွေတော့ သိပ်ထင်ရှားပါတယ်။ ဆွမ်းစားချိန်ရောက်နေပြီ၊ အမှတ်တွေက သိပ်ကောင်းနေတယ်။ ဖရဏာပီတိ ဂွမ်းဆီထိ တစ်ကိုယ်လုံးမှာ ပျံနှံ့ပြီးတော့ ဘယ်လိုမှတ်လို့ကောင်းနေမှန်း မသိဘူး။ ဆွမ်းစားချိန်ကလည်း ရောက်နေပြီ၊ ရောက်နေတော့ တခြားယောဂီတွေက လာခေါ်တယ်။ "ယောဂီ ... ဆွမ်းစားချိန် ရောက်နေပါပြီ" "ဒီနေ့တော့ မစားတော့ပါဘူး"။ ဘာနဲ့ ဝသွားပါလဲ ... တရားပီတိနဲ့ ဝသွားပါတယ်ဘုရား။

www.dhammadownload.com

အဲဒီလို အမှတ်တွေကောင်းရင် ဆက်ပြီးတော့ ထိုင်တာ အမှတ်တွေ ဆက်ပြီးတော့ မိမိ၏ ပါရမီအားလျော်စွာ တရားထူးတရားမြတ်တွေ ရတဲ့အထိ ကျေးဇူးများသွားနိုင်ပါတယ်တဲ့။ မထေရ်ကြီးရဲ့နည်းကို မယူရပါဘူးလား ... ယူရပါတယ်ဘုရား။ ယူရတယ်တဲ့။ မြင်လျှင် မြင်ကာမျှမတွှာမှာ တည်အောင် ကြည့်တတ်ရမယ်တဲ့။ အဲဒီလိုဆိုရင် သတိက အားကောင်းတဲ့အတွက်ကြောင့် သမာဓိအားက ကောင်းလာတယ်။

မထေရ်ကြီးကတော့ တစ်သက်လုံး သက်တော်(၈၀)၊ ဝါတော်(၆၀)တိုင်အောင် စက္ခုန္ဒြေကို စောင့်စည်းတယ်။ တရားနာပရိသတ်များကတော့ ဒီလိုတော့ မစောင့်စည်းနိုင်ဘူး။ အိမ်မှာလည်း နေရတယ်။ ရိပ်သာဝင်တဲ့အခိုက်အတန့်တော့ မထေရ်ကြီးနည်းပဲ ယူထားမယ်။ အဓိဋ္ဌာန်ပြုထားမယ်။ အကြောင်းထူးမရှိရင် ဘာမျှမကြည့်တော့ဘူး။ မြင်လျှင်မြင်ကာမျှမတွှာမှာ တည်အောင် စက္ခုန္ဒြေ မျက်စိကို ထားတော့မယ်လို့ အဓိဋ္ဌာန်လေးပြုထားရင် မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ သိပ်ကောင်းပါတယ်။

www.dhammadownload.com

သမာဓိဖြစ်သွားလို့ရှိရင် ယောဂီအတွက် မှတ်ရတာ လွယ်လည်းလွယ်ကူတယ်၊ ချမ်းလည်းချမ်းသာတယ်။ သမာဓိတောင် မဖြစ်ဘူးဆိုလို့ရှိရင်တော့ အလွန်ပဲ မှတ်ရတာ ခက်ပါတယ်။ မှတ်ရခက်တော့ ချမ်းသာသလား၊ မချမ်းသာဘူးလား ... မချမ်းသာပါဘုရား။ မချမ်းသာဘူး။ စိတ်ကိုလည်းထိန်း၊ ခန္ဓာကိုယ်ကိုလည်း ထိန်းထားရတော့ မချမ်းသာတော့ဘူးတဲ့၊ ဒါဆို ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်ရအောင် စက္ခုန္ဒြေကို မြင်လျှင်မြင်ကာမျှမတွယ်မှာ တည်အောင် ထားရတယ်။

တစ်ခါတစ်ခါ စကြံ့သွားတဲ့အခါ မျက်စိမှိတ်ပြီး တော့လည်း သွားကြည့်ရတယ်။ သွားကြည့်လိုက်မှ သမာဓိက ပိုဖြစ်လာလို့ ခြေထောက်က သဘောတရားတွေ ပိုထင်ရှားလာတတ်တယ်။

ဆောင်ပုဒ်။ ။ မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာ။

တရားနာပရိသတ်များလို မဂ်ရောက်၊ ဖိုလ်ရောက် တရားထူးတရားမြတ်တွေ ရတဲ့အထိ အားထုတ်တော့

www.dhammadownload.com

မယ်ဆိုလို့ရှိရင် ဝိပဿနာတရား အားထုတ်နေတဲ့အခိုက် အတန့်မှာ မိမိရဲ့ မျက်စိအကြည် မျက်စိအမြင်သည် ဘယ်လိုပင်ကောင်းကြားသော်လည်း မမြင်တဲ့ပုဂ္ဂိုလ်လို၊ ကန်းနေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်။ မြင်လျှင်မြင်ကာမျှမတွှာမှာ တည်အောင် ကြည့်ရမယ်ဆိုတဲ့အဓိပ္ပါယ်။ အရှင်မဟာကစ္စာယနမထေရ် မိန့်ကြားတဲ့ ၁-နံပါတ်ဩဝါဒ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ယခု ၂-နံပါတ်ဩဝါဒ ဆက်လက်ပြီးတော့ ဟောကြားပါတော့မယ်။

သောတဝါ ဗဓိရော ယထာ။

သောတဝါ = နားအကြား ကောင်းသောသူဖြစ်စေကာမူ၊ **ဗဓိရော ယထာ** = နားပင်းနေသောပုဂ္ဂိုလ်ကဲ့သို့၊ **အဿ** = ဖြစ်ရာ၏။ **ဣတိ** = ဤသို့၊ **မဟာကစ္စာယနော** = အရှင်မဟာကစ္စာယနမထေရ်သည်၊ **အဝေါစ** = ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

တရားနာပရိသတ်များလို မဂ်ရောက်၊ ဖိုလ်ရောက် တရားထူးတရားမြတ်တွေ ရတဲ့အထိ ဝိပဿနာတရားကို အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် မိမိ၏ နားအကြည်၊ နားအကြားဟာ ဘယ်လိုပင်ကောင်းကြားသော်လည်း နားမကြားတဲ့ပုဂ္ဂိုလ်လို၊ နားပင်းနေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်။

ဆောင်ပုဒ်။ ။ နားအကြားတွင်၊ ကောင်းသူပင်၊ နားလျှင်ပင်းပမာ။

မိမိ၏ နားအကြည်၊ နားအကြားဟာ ဘယ်လိုပင် ကောင်းကြားသော်လည်း ယခုလို ဝိပဿနာတရား အားထုတ်နေတဲ့အခိုက်အတန့်မှာ နားမကြားတဲ့ပုဂ္ဂိုလ်လို၊ နားပင်းနေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်တဲ့။

နားကြီးကို ပိတ်ထားရမှာလားဆိုတော့ မဟုတ်ဘူး။ ကြားလျှင်ကြားကာမျှမတွှမှာ တည်အောင် ကိုယ့်ခန္ဓာကိုယ်ထဲမှာ အမှတ်သတိကို အထူးကပ်နေရအောင် အားထုတ်နေရမယ်တဲ့။

www.dhammadownload.com

လောကီရေးရာနဲ့ လောကုတ္တရာရေးရာ ဓမ္မရေးရာကလည်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပါပဲ။ လောကီရေးရာမှာတော့ လောကရေးရာ စီးပွားရေး၊ ကြီးပွားရေးတွေ ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေအတွက် နားပါးတာ၊ နားအကြားကောင်းတာ ပိုကျေးဇူးများပါတယ်။ တော်တယ်၊ တော်တယ်၊ သူက နားသိပ်ပါးတာပဲ။ မချီးမွမ်းပါဘူးလား ... ချီးမွမ်းပါတယ်ဘုရား။

လောကုတ္တရာရေးရာ ဓမ္မရေးရာအတွက် အားထုတ်တဲ့ပုဂ္ဂိုလ်တွေအတွက်တော့ နားပါးတာ၊ နားအကြားကောင်းတာ ကောင်းသလား၊ မကောင်းဘူးလား ... မကောင်းပါဘုရား။ သမာဓိတွေပျက်တယ်။ ကြားလျှင်ကြားကာမျှမတွေးမှာတည်အောင် ခန္ဓာကိုယ်ထဲမှာ အမြဲတမ်းအမှတ်သတိကပ်ထားရမယ်တဲ့။ အမှတ်သတိကိုပဲ နလုံးသွင်းနေတော့ အပြင်ကအသံတွေဟာ ကြားလျှင်ကြားကာမျှမတွေးမှ တည်သွားနိုင်တယ်။

ဒီလိုမဟုတ်ဘူး။ အရပ်ထဲမှာနေတဲ့အတိုင်း၊ မြို့ထဲရွာထဲမှာနေတဲ့အတိုင်း ကြားစရာအာရုံတွေ အကုန်လိုက်သိနေတယ်၊ အာရုံနောက်ကို စိတ်ကလိုက်နေတယ်

www.dhammadownload.com

ဆိုရင် ထိုယောဂီ သမာဓိဖြစ်မလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။ မဖြစ်ဘူး။

ဒါက လူသံ၊ ဒါက ကြက်သံ၊ ဒါက ၄က်သံ၊ ဒါက ထုရိက်တာ၊ ဒါက ဘာတွေပြောနေကြတာလို့ ယောဂီက ပကတိသောနားအတိုင်း လိုက်ကြားနေရင်တော့ သမာဓိတွေ ပျက်နေရောတဲ့။ သမာဓိပျက်နေလို့ သမာဓိမဖြစ်ရင် ဝိပဿနာဉာဏ်လည်း ဖြစ်မလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။ မဖြစ်တော့ဘူး။ မှတ်ရလည်း အလွန်ခက်နေရောတဲ့။

သမာဓိကမဖြစ်၍ စိတ်ထိန်းအားမရှိတော့ စိတ်တွေလွင့်၊ စိတ်က ဟိုရောက်ဒီရောက်နဲ့ လွယ်မလား၊ ခက်မလား ... ခက်ပါမယ်ဘုရား။ ခက်လိမ့်မယ်။ သမာဓိဖြစ်အောင်တော့ နားကိုလည်း အထူးစောင့်ရှောက်ရတယ်။ အသံနောက်ကို လိုက်မသွားရအောင် ခန္ဓာကိုယ်ထဲမှာပဲ အမှတ်သတိကို ကပ်ထားရတယ်။

ကြားလျှင်ကြားကာမျှမတွာမှာ တည်တည်သွားအောင် ကိုယ့်အမှတ်က ကိုယ့်ကို ပြန်ထိန်းနေတယ်။

www.dhammadownload.com

ပထမပိုင်းမှာတော့ ကိုယ်က နားကိုထိန်းရတယ်။ နားကို ထိန်းနိုင်လို့ သမာဓိဖြစ်သွားပြီဆိုလို့ရှိရင် ကိုယ့်အမှတ်က ကိုယ့်သမာဓိက ကိုယ့်ကို ပြန်ထိန်းထားတယ်။ နားက ကြားလျှင်ကြားကာမျှမတွှမှာပဲ တည်တည်သွားတာ သမာဓိက ပြန်ထိန်းထားပေးလို့ ယောဂီအတွက် မချမ်း သာပါဘူးလား ... ချမ်းသာပါတယ်ဘုရား။ ချမ်းသာချင် ရင်တော့ နားကိုလည်း အထူးစောင့်ရှောက်ရပါတယ်။

လောကရေးရာနဲ့ဓမ္မရေးရာ ဖြောင့်ဖြောင့်ဆန့်ကျင် ဘက်ပဲ။ ကြားလျှင်ကြားကာမျှမတွှမှာတည်အောင် ရှုမှတ် တတ်ရမယ်၊ ရှုမှတ်နေရမယ်တဲ့။

ကြားရတဲ့အသံ ကွဲကွဲပြားပြား သိတယ်ဆိုတာက လည်း အကြောင်း ၄-ချက်ပဲ။ အကြောင်းဘယ်နှချက် ပါတဲ့ ... ၄-ချက်ပါဘုရား။ နားအကြည်ရယ်၊ အသံ သဒ္ဒါရုံရယ်၊ အပိတ်အပင် အတားအဆီး မရှိခြင်းရယ်၊ နှလုံးသွင်းခြင်းရယ်လို့ ဘယ်နှချက် ... ၄-ချက်ပါဘုရား။

နားအကြည်ရယ်၊ အသံသဒ္ဒါရုံရယ်၊ အပိတ်အပင် အတားအဆီး မရှိခြင်းရယ်၊ နှလုံးသွင်းခြင်းရယ်လို့ ၄-ချက်၊

www.dhammadownload.com

အကြောင်း ၄-ချက်နဲ့ ပြည့်စုံပါမှ ဒါဘယ်သူ့အသံပဲ၊ ဘယ်ဝါ့အသံပဲ၊ ကြက်သံပဲ၊ ၄က်သံပဲလို့ ကွဲကွဲပြားပြား သိတယ်။

ဒီ ၄-ချက်ထဲက နားအကြည်လည်း ရှိပါတယ်၊ အသံတွေကလည်း ရှိနေပါတယ်၊ အပိတ်အပင် အတားအဆီးကလည်း မရှိဘူး၊ ယောဂီက အဲဒီအသံကို နှလုံးမသွင်းဘူး။ နှလုံးမသွင်းဘူးဆိုလို့ရှိရင် ဘာတွေပြောနေတာပဲလို့ သိမလား၊ မသိဘူးလား ... မသိပါဘုရား။ မသိတော့ဘူး။ သူနောက်ကိုမှ မလိုက်တော့ပဲ။ ဒီမှာ နှလုံးသွင်းနေတာက အမှတ်ကိုပဲ အဓိကနှလုံးသွင်းနေတယ်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် မှတ်နေတော့ အမှတ်ကိုပဲ နှလုံးသွင်းနေတယ်။ ကြွလိုက်တဲ့အခါ ပေါ့ပေါ့ပြီးတော့ တက်သွားတာ၊ လှမ်းလိုက်တဲ့အခါ ပေါ့ပေါ့ပြီးတော့ ရွေ့သွားတာ၊ ချလိုက်တဲ့အခါ လေးလေးပြီးတော့ ကျသွားတာကို မြင်နေရတဲ့ယောဂီပုဂ္ဂိုလ် အမှတ်ကိုပဲ နှလုံးသွင်းနေတော့ ဘာတွေပြောနေကြတယ်ဆိုတာ ကွဲကွဲပြားပြား သိသလား၊ မသိဘူးလား ... မသိပါဘုရား။ မသိတော့ဘူး။

www.dhammadownload.com

ပြောတော့ပြောနေတယ်။ အသံတွေတော့ ကြားနေတယ်။ ဘာတွေပြောနေတယ်ဆိုတာကိုတော့ မသိကို မသိတော့ဘူး။ နှလုံးမှမသွင်းဘဲကိုး။ နှလုံးသွင်းရှိမှ ဒီအသံဟာ ဘာသံပဲ၊ ဘာတွေပြောနေတာပဲလို့ ကွဲကွဲပြားပြားသိတယ်။

အဲဒီလို ကိုယ့်အမှတ်ကိုယ် နှလုံးသွင်း၊ နားက ကြားပင်ကြားရသော်လည်း ကြားကာမျှမတွေးမှာတည်အောင် ရှုမှတ်တတ်သွားပြီဆိုလို့ရှိရင်တော့ ယောဂီအတွက် တော်တော့်ကို အောင်မြင်သွားပြီ။ မှတ်ရတာလည်း ချမ်းသာလွယ်ကူ။ မှတ်အားက ကောင်းတာကိုး။ အမှတ်တွေက ဆက်နေတော့ မချမ်းသာပါဘူးလား ... ချမ်းသာပါတယ်ဘုရား။ ချမ်းသာတယ်။

ဒီလိုမဟုတ်ဘူး။ နားက ကြားချင်စရာတွေ လိုက်ကြားနေတယ်၊ အသံနောက်ကို စိတ်က လိုက်နေတယ် ဆိုရင် စိတ်တွေ ပျံ့လွင့်နေတော့ သမာဓိက မဖြစ်တော့ မှတ်ရတာ ချမ်းသာမလား ... မချမ်းသာပါဘုရား။ မချမ်းသာတော့ဘူး။ စိတ်ကို သိပ်ထိန်းနေရတယ်။ ဟိုရောက် ဒီရောက် ပျံ့လွင့်နေတော့ စိတ်ကို သိပ်ထိန်းနေရ၍

www.dhammadownload.com

သမာဓိအားမရှိတော့ ကိုယ်လည်းပင်ပန်း၊ စိတ်လည်း ပင်ပန်းတယ်။ အဲဒီလို မပင်ပန်းရအောင် ကိုယ့်နားကို လည်း ကိုယ်မထိန်းရပါဘူးလား ... ထိန်းရပါတယ်ဘုရား။ ကြားလျှင်ကြားကာမျှမတွေမှာတည်အောင် ထိန်းရတယ်။ အရှင်မဟာကစ္စာယနမထေရ်၏ ဩဝါဒ။

ဆောင်ပုဒ်။ ။ နားအကြားတွင်၊ ကောင်းသူပင်၊ နားလျှင်ပင်းပမာ။

တရားနာပရိသတ်များလို မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ ရတဲ့အထိ ရည်မှန်းပြီးတော့ ဝိပဿနာ တရား အားထုတ်နေတဲ့ပုဂ္ဂိုလ်အတွက် မိမိ၏ နားအကြည်၊ နားအကြားဟာ ဘယ်လိုပင်ကောင်းခြားသော်လည်း နား မကြားတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်လို့ အရှင်မဟာကစ္စာ ယနမထေရ် မိန့်ကြားပါတယ်။ ၂-နံပါတ်ဩဝါဒ အသင့် အတင့် ပြည့်စုံသွားပါပြီ။

၃-နံပါတ်ဩဝါဒကို ဆက်လက်ပြီးတော့ ဟော ကြားပါတော့မယ်။

www.dhammadownload.com

ပညဝါ'ဿ ယထာ မူဂေါ။

ပညဝါ = စကားပြောကောင်းသောဉာဏ်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်စေကာမူ၊ **မူဂေါ ယထာ** = အ-ဆွံ့နေတဲ့ပုဂ္ဂိုလ်ကဲ့သို့၊ **အဿ** = ဖြစ်ရာ၏။ **ဣတိ** = ဤသို့၊ **မဟာကစ္စာယနော** = အရှင်မဟာကစ္စာယန မထေရ်သည်၊ **အဝေါစ** = ကောင်းစွာမသွေ ဟောကြား တော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားနာပရိသတ်များ၊ ယောဂီများလို မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ ရတဲ့အထိ အားထုတ်မယ်လို့ ရည်ရွယ်ချက်ရှိပြီးတော့ ဝိပဿနာတရား အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် စကားပြောကောင်းတဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်စေကာမူ စကားမပြောတတ်တဲ့ပုဂ္ဂိုလ်လို အ-ဆွံ့နေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်တဲ့။

ဆောင်ပုဒ်။ ။ စကားပြောတွင်၊ ကောင်းသူပင်၊ အ-သွင်ဆွံ့ပမာ။

www.dhammadownload.com

လောကီရေးရာနဲ့ လောကုတ္တရာရေးရာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲ။ လောကီရေးရာမှာတော့ စကားပြောကောင်းတဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို အလွန်သဘောကျကြတယ်။ တော်တယ်၊ တော်တယ် သူက အလွန်ပဲပြောတတ်တာပဲ။ အကျိုးသင့်အကြောင်းသင့်တွေ ပြောတတ်တာပဲလို့ လောကီရေးရာဘက်ကတော့ စကားပြောကောင်းတဲ့ပုဂ္ဂိုလ်ကို မချီးမွမ်းကြပါဘူးလား ... ချီးမွမ်းကြပါတယ်ဘုရား။

လောကုတ္တရာရေးရာဘက် ဓမ္မရေးရာဘက်က အားထုတ်တဲ့ပုဂ္ဂိုလ်တွေကတော့ စကားတွေ ပြောနေမယ်ဆိုလို့ရှိရင် ကောင်းပါသလား၊ မကောင်းပါဘူးလား ... မကောင်းပါဘုရား။ ဒီယောဂီ တော်တော်ဒုက္ခပေးတာပဲကိုး။ ယောဂီအချင်းချင်းလည်း ကြားနေတော့ အမှတ်တွေပျက်၊ အတူတကွ ယောဂီအချင်းချင်းပြောနေလို့ရှိရင်လည်း နှစ်ယောက်စလုံး အမှတ်တွေပျက်။

လောကီရေးရာနဲ့ ဓမ္မရေးရာ၊ လောကီရေးရာနဲ့ လောကုတ္တရာရေးရာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ အခုတရားနာပရိသတ်များ အားထုတ်နေတာ

www.dhammadownload.com

လောကီရေးရာလား၊ လောကုတ္တရာရေးရာလား ... လောကုတ္တရာရေးရာပါဘုရား။ လောကုတ္တရာရေးရာ။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေရဖို့ရာ အားထုတ်နေတော့ လောကနဲ့တော့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲ။ စကားပြောကောင်းတဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်စေကာမူ စကားမပြောတတ်တဲ့ပုဂ္ဂိုလ်လို၊ အ-နေ၊ ဆွံ့နေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်တဲ့။ အဲဒါလည်း အထူးသတိထားပြီးတော့ ရှောင်ကြဉ်ကြရပါတယ်။

စကားမပြောရဘူးဆိုမှ စကားပြောဖို့ရာ အကြောင်းလေးတွေကလည်း မကြာခဏ ပေါ်ပေါ်လာတတ်တယ်။ ပုဂ္ဂိုလ်သတ္တဝါတွေ၊ လူတွေရဲ့သဘာဝ မပြောရဘူး၊ မပြောရဘူးဆိုမှ ပိုပြောချင်တာလည်း ဖြစ်လာတတ်တယ်။ ယောဂီများ ဖြစ်လာမလား ... မဖြစ်လာပါဘုရား။ မဖြစ်လာပါဘူး။ ကိုယ်တရားရဖို့အတွက်၊ သူတစ်ပါးတရားရဖို့အတွက် မပြောတော့ဘူး၊ မပြောတော့ဘူးလို့ ဆုံးဖြတ်ထားရင် မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ ဆုံးဖြတ်ထားတာ ကောင်းပါတယ်။

www.dhammadownload.com

စကားပြောတာ တော်တော်ကိုပဲ အနှောင့်အယှက် ဖြစ်ပါတယ်။ ဓမ္မန္တရာယ်လည်း ဖြစ်သွားတတ်တယ်။ တချို့တချို့ပုဂ္ဂိုလ်တွေက အမှတ်တွေ သိပ်ကောင်းနေတယ်။ အဲဒီတစ်မှတ်၊ နှစ်မှတ်ဖြင့် သူဉာဏ်စဉ်တွေ တက်တော့မယ်၊ တရားထူးတရားမြတ်ဆိုရင်လည်း ရတော့မယ်။ အဲဒီလို ရခါနီးလေးမှာ ဟို-ယောဂီ တစ်ယောက်ကနေပြီးတော့ စကားတွေ အကျယ်ကြီး ပြောလိုက်တယ်။ သူ့ကို လာပြောလိုက်တယ်ဆိုလို့ရှိရင် အဲဒီအမှတ်တွေက ပျက်သွားတော့ သူတရားတက်မှ တက်ပါတော့မလား ... မတက်တော့ပါဘုရား။

တရားထူးတရားမြတ် ရထိုက်တဲ့ပုဂ္ဂိုလ်လည်း မရတော့ဘူးတဲ့။ အဲဒီလို သူတစ်ပါးရဲ့တရားတွေ အန္တရာယ်လည်း ဖြစ်သွားတတ်တယ်။ သူတစ်ပါးတရားတွေ အန္တရာယ်ဖြစ်တော့ ကိုယ့်မှာလည်း အန္တရာယ်မဖြစ်လာတတ်ပါဘူးလား ... ဖြစ်လာတတ်ပါတယ်ဘုရား။ စကားပြောတာဟာ ဝိပဿနာတရား အားထုတ်တဲ့အခါမှာ အန္တရာယ်တစ်ပါးပဲတဲ့။ ဒါကြောင့် အထူးစောင့်ရှောက်ရပါတယ်။

www.dhammadownload.com

မိမိအတွက်၊ သူတစ်ပါးအတွက် အန္တရာယ်မဖြစ်စေရအောင် စကားကိုတော့ လုံးဝ မပြောတော့ဘူးလို့ အဓိဋ္ဌာန်ပြုထားရင် မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ သိပ်ကောင်းတယ်။ မိမိအတွက်လည်း အကျိုးများ၊ သူတစ်ပါးအတွက်လည်း အကျိုးများပါတယ်။

ကမ္မဋ္ဌာန်းဆရာဆီရောက်မှပဲ လျှောက်စရာလေးတွေ လျှောက်တော့မယ်။ တရားတွေ ထူးထူးခြားခြား ကောင်းလာတဲ့အခါမှာလည်း ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတဲ့အခါမှာလည်း ယောဂီက တရားသဘောလေးတွေ သိပ်ပြောပြချင်တယ်။ ကိုယ့်အချင်းချင်း လိုက်ပြီးတော့ ပြောပြနေလို့ရှိရင် နေရာမှ ကျမှကျပါ့မလား ... နေရာမကျပါဘုရား။ ဟို-ယောဂီလည်း အမှတ်ပျက်၊ ကိုယ့်မှာလည်း အမှတ်တွေပျက်။ တရားကောင်းလာရင်တော့ ပြောချင်တယ်။ အောင့်ထားတာပေါ့။ သည်းခံထားတာပေါ့လေ။ ပြောချင်တယ်၊ ပြောချင်တယ်၊ မပြောဘူး၊ မပြောဘူးလို့ မှတ်လို့မရပါဘူးလား ... မှတ်လို့ရပါတယ်ဘုရား။ ပြောချင်တယ်၊ ပြောချင်တယ်ဟု မှတ်လို့မှ မပျောက်ရင် မပြောတော့ဘူး၊ မပြောတော့ဘူးဟု

www.dhammadownload.com

ဆက်ပြီးတော့မှတ်လိုက်။ ကမ္မဋ္ဌာန်းဆရာဆီကျမှပဲ ပြည့်ပြည့်စုံစုံ လျှောက်ထားတော့မယ်။

ဆောင်ပုဒ်။ ။ စကားပြောတွင်၊ ကောင်းသူပင်၊ အ-သွင်ဆွံ့ပမာ။

တရားနာပရိသတ်များ၊ ယောဂီများလို မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ ရတဲ့အထိ တရားထူး တရားမြတ်တွေ ရတဲ့အထိ ဝိပဿနာတရားကို အားထုတ်တော့မယ်လို့ ရည်ရွယ်ချက်ရှိတဲ့ပုဂ္ဂိုလ်တွေအတွက် နဂိုက စကားပြောကောင်းတဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်စေကာမူ အ-နေ၊ ဆွံ့နေတဲ့ပုဂ္ဂိုလ်လို၊ စကား မပြောတတ်တဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်လို့ အရှင်မဟာ ကစ္စာယနမထေရ် မိန့်ကြားတာ ၃-နံပါတ်မိန့်ကြားချက် အသင့်အတင့် ပြည့်စုံသွားပါပြီ။

www.dhammadownload.com

၄-နံပါတ် မိန့်ကြားချက် -

ဗလဝါ ဒုဗ္ဗလောရိဝ။

ဗလဝါ = အားအင်နှင့် ပြည့်စုံသောသူဖြစ်စေကာမူ၊ **ဒုဗ္ဗလောရိဝ** = အားနည်းနေသော လူမမာကဲ့သို့၊ **အဿ** = ဖြစ်ရာ၏။ **ဣတိ** = ဤသို့၊ **မဟာကစ္စာယနော** = အရှင်မဟာကစ္စာယနမထေရ်သည်၊ **အဝေါစ** = ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

အားအင်တွေ ပြည့်ဝနေတဲ့ပုဂ္ဂိုလ်ဖြစ်စေကာမူ ယခုလို ဝိပဿနာတရား အားထုတ်နေတဲ့အခိုက်အတန့်မှာ အားအင်နည်းနေတဲ့ လူမမာကဲ့သို့ ကျင့်ရမယ်တဲ့။ ဒါလည်း လောကရေးရာနဲ့ ဓမ္မရေးရာ ဖြောင့်ဖြောင့်ဆန့်ကျင်တယ်။

လောကရေးရာမှာတော့ အားအင်ပြည့်ဝတဲ့ပုဂ္ဂိုလ်တွေ အားအင်ပြည့်ဝတဲ့အတိုင်း သွက်သွက်လက်လက် မြန်မြန်ထက်ထက် ဆောင်ရွက်တတ်တဲ့ပုဂ္ဂိုလ်ကို

www.dhammadownload.com

သဘောမကျပါဘူးလား ... သဘောကျပါတယ်ဘုရား။ အို-တော်တယ်၊ တော်တယ်၊ သွက်လက်တယ်၊ သွက်လက်တယ်၊ ပေါ့ပါးတယ်လို့ ချီးမွမ်းကြမယ်။

ယခုလို မဂ်ရောက်၊ ဖိုလ်ရောက်၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ ရတဲ့အထိ ဝိပဿနာတရားကို အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်နဲ့ မြန်မြန်ထက်ထက်ကြီး လုပ်နေလို့ရှိရင် ကောင်းသလား၊ မကောင်းဘူးလား ... မကောင်းပါဘုရား။ မကောင်းဘူး။ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲ။ အို-ဒီယောဂီ ဘယ်လိုယောဂီကြီးပါလဲ၊ အမှတ်လည်းမပါဘူး။ လျှောက်လုပ်ချင်တိုင်း လျှောက်လုပ်နေတာပဲ။ ကြည့်လို့ကောင်းပါ့မလား ... ကြည့်လို့မကောင်းပါဘုရား။ မကောင်းဘူး။ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ပဲတဲ့။

သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ပြုလုပ်မှ သြော်-အမှတ်နဲ့ သူလုပ်တာပဲ၊ တော်လိုက်တာ။ အားနည်းနေတဲ့ လူမမာလို ဆောင်ရွက်နိုင်၊ ပြုလုပ်နိုင်တဲ့ပုဂ္ဂိုလ်ကို ဓမ္မရေးရာဘက်ကကျတော့ ချီးမွမ်းကြတယ်။ အို-တော်လိုက်တာ၊ အမှတ်နဲ့ပဲကိုင်၊ အမှတ်နဲ့ပဲယူ၊ အမှတ်နဲ့ပဲ

www.dhammadownload.com

စားနေတယ်လို့ သဘောမကျကြပါဘူးလား ... သဘော ကျကြပါတယ်ဘုရား။ သဘောကျကြတယ်။

လောကီရေးရာနဲ့ လောကုတ္တရာရေးရာ ဖြောင့် ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တယ်။ တရားနာပရိသတ်များ အားထုတ်နေတာက လောကီလား၊ လောကုတ္တရာလား ... လောကုတ္တရာပါဘုရား။ လောကုတ္တရာဖြစ်တယ်။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေရဖို့ရာ အားထုတ် နေတာဖြစ်တယ်။

လောကုတ္တရာရေးရာ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ လောကရေးရာနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်တယ်။ အားအင် သန်စွမ်းတဲ့ပုဂ္ဂိုလ်ဖြစ်စေကာမူ အားအင်နည်းနေတဲ့ လူမမာကဲ့သို့ အားထုတ်ရမယ်၊ လူမမာကဲ့သို့ ကျင့်ရမယ် လို့ အရှင်မဟာကစ္စာယနမထေရ် မိန့်ကြားပါတယ်။

ဆောင်ပုဒ်။ ။ ပြည့်ဝအားအင်၊ ရှိသူပင်၊
အားအင်နည်းပမာ။

www.dhammadownload.com

အားအင်ပြည့်ဝတဲ့ပုဂ္ဂိုလ်ဖြစ်စေကာမူ ယခုလို ဝိပဿနာတရား အားထုတ်နေတဲ့အခိုက်အတန့်မှာ အားအင်နည်းနေတဲ့ လူမမာလို သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ ထိုင်တာ၊ ထတာ၊ ကွေးတာ၊ ဆန့်တာ၊ ကိုင်တာ၊ ယူတာ၊ ငဲ့တာ၊ စောင်းတာ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ ပြုလုပ်ရမယ်။ အားအင်နည်းနေတဲ့ လူမမာကဲ့သို့တဲ့။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ခါးနာနေတဲ့ လူမမာကဲ့သို့။ ခါးနာနေတဲ့ လူမမာဟာ အားအင်တော့ ရှိနေပါတယ်။ ဒါပေမဲ့ သူ့ခါးထဲက မျက်သွား၊ နာသွားမှာစိုးတဲ့အတွက်ကြောင့် ထတဲ့အခါလည်း သိမ်သိမ်မွေ့မွေ့ ဖြည်းဖြည်းသာသာ၊ ထိုင်တဲ့အခါလည်း သိမ်သိမ်မွေ့မွေ့ ဖြည်းဖြည်းသာသာ၊ ကိုင်တဲ့ ယူတဲ့အခါမှာလည်း သိမ်သိမ်မွေ့မွေ့ ဖြည်းဖြည်းသာသာ ကိုင်ယူတယ်။ ဒီလိုပါပဲတဲ့။ အားအင်တွေ ဘယ်လိုပင် ပြည့်ဖြိုးကြွေးသော်လည်း အမှုအရာတွေကတော့ ခါးနာနေတဲ့ လူမမာလိုဖြစ်စေရမယ်၊ ဖြစ်အောင်ကျင့်ရမယ်။

တကယ်တမ်း အမှတ်ကောင်းတဲ့ ယောဂီပုဂ္ဂိုလ် ကျတော့လည်း သူဟာသူ အလိုလို လူမမာကဲ့သို့၊

www.dhammadownload.com

အားမရှိတဲ့ လူမမာကဲ့သို့၊ ခါးနာနေတဲ့ လူမမာကဲ့သို့ သိမ်သိမ်မွေ့မွေ့ ဖြစ်သွားတာပါပဲ။ အဲဒီလို အမှတ်တွေ မကပ်သေးခင်ကတော့ ကိုယ်တိုင်က လူမမာလို မကျင့်ရပါဘူးလား ... ကျင့်ရပါတယ်ဘုရား။ လူမမာလို ကျင့်ရတယ်။ ဒီတော့မှ သမာဓိဖြစ်တယ်။

ပကတိသော အားအင်ရှိတဲ့အတိုင်း မြန်မြန်ထက်ထက်ကြီး ပြုလုပ်နေမယ်ဆိုလို့ရှိရင် ကိုယ်အမူအရာတွေကမြန်၊ မှတ်သိစိတ်က နေးနေတဲ့အတွက်ကြောင့် ပစ္စုပ္ပန်မတည့်တော့ဘူး။ ပစ္စုပ္ပန်မတည့်လို့ရှိရင် တရားသဘောတွေ မတွေ့တော့ဘူး။ သမာဓိမဖြစ်တော့ဘူး။

တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ ရုပ်တရား၊ နာမ်တရား ၂-ပါးလုံးက ပစ္စုပ္ပန်အခိုက်အတန့် လေးပဲရှိတယ်။ ဝိပဿနာရှုနေရတဲ့ ရုပ်တရား၊ နာမ်တရား ၂-ပါးစလုံးက ပစ္စုပ္ပန်အခိုက်အတန့်လေးမှာပဲရှိတယ်။ တစ်ဆံချည်၊ တစ်စက္ကန့်၊ စက္ကန့်ဝက်လောက် လွဲသွားရင် မရှိတော့ဘူး။ အမူအရာတွေက မြန်နေတော့ မမီတော့ဘူး။ မမီတော့ ပစ္စုပ္ပန်မတည့်လို့ရှိရင် တရားတွေ တွေ့မလား၊ မတွေ့ဘူးလား ... မတွေ့တော့ပါဘုရား။

www.dhammadownload.com

မရှိတော့ဘူး။ မရှိတဲ့တရားတွေ လိုက်မှတ်နေတော့ သမာဓိဖြစ်မလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။ မဖြစ်နိုင်ဘူး။

ဒါကြောင့် သူကလည်း သိပ်အရေးကြီးတာပဲ။ အမူအရာလေးက သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့။ ထိုင်တာ၊ ထတာ၊ ကွေးတာ၊ ဆန့်တာ၊ ကိုင်တာ၊ ယူတာ၊ ငဲ့တာ၊ စောင်းတာ သိမ်သိမ်မွေ့မွေ့ ပြုလုပ်မှ အမှတ်သတိက မီတယ်။ မှတ်လို့ရတယ်။ ပစ္စုပ္ပန်တည့်အောင် မှတ်လို့ရတယ်။ ပစ္စုပ္ပန်တည့်သွားမှ ရုပ်တရား၊ နာမ်တရား သဘောလေးတွေ သိလာပါတယ်။

ရုပ်တရား၊ နာမ်တရားသဘောလေးတွေသိ၊ သမာဓိဖြစ်တော့ ယောဂီဟာ မှတ်လို့ကောင်း။ တရားအတွေ့ကောင်းတာနဲ့အမျှ ယောဂီဟာ အမှတ်တွေမှတ်လို့ကောင်း၊ အမှတ်တွေဆက်ပြီးတော့ ထူးထူးခြားခြား တရားတွေ တက်သွားနိုင်ပါတယ်။

ဒါကြောင့် သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ ပြုရပါတယ်။ ပစ္စုပ္ပန်တည့်အောင် ခန္ဓာကိုယ်အမူအရာလေးကို

www.dhammadownload.com

သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ ပြုလုပ်ရပါတယ်။ တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ ရုပ်တရား၊ နာမ်တရား ၂-ပါးစလုံးက ပစ္စုပ္ပန်အခိုက်အတန့်လေးပဲရှိတယ်။ တစ်ဆံချည်၊ တစ်စက္ကန့်၊ စက္ကန့်ဝက်လောက် လွဲသွားရင် ရှိသေးလား၊ မရှိတော့ဘူးလား ... မရှိတော့ပါဘုရား။ မရှိတော့ဘူး။ မရှိတဲ့တရားတွေ လိုက်မှတ်နေရင် သမာဓိဖြစ်မလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။ တရားကောတွေ့နိုင်ပါ့မလား ... မတွေ့နိုင်ပါဘုရား။ မတွေ့နိုင်တော့ဘူး။

အဒဿနတော အာယန္တိ၊ ဘဂ်ီ ဂစ္ဆန္တ္ယဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပဇ္ဇန္တိ ဝယန္တိ စ။

ရူပါရူပမမ္မာ = ရုပ်နာမ်တရားတို့သည်၊ **အဒဿနတော** = မမြင်ရာအရပ်မှ၊ **အာယန္တိ** = မြင်လာရောက်လာ ရှိလာကြကုန်၏။ **ဘဂ်ီ** = ချုပ်ပျက်သွားပြီးသော ရုပ်နာမ်နှစ်ပါးတို့သည်၊ **အဒဿနံ** = မမြင်ရာအရပ်သို့၊ **ဂစ္ဆန္တိ** = သွားကြကုန်၏။ **ဣတိ** = ဤသို့၊

www.dhammadownload.com

ဘဂဝါ = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားနာပရိသတ်များ၊ ယောဂီများ၏သန္တာန်မှာ ဖြစ်နေကြတဲ့ ရုပ်တရား၊ နာမ်တရား ၂-ပါးလုံးဟာ ဝိပဿနာရှုနေရတဲ့ ရုပ်တရား၊ နာမ်တရား ၂-ပါးလုံးဟာ မဖြစ်ခင်ကလည်း ဒီခန္ဓာကိုယ် ဘယ်နေရာမှာ ဒီရုပ်တရား၊ နာမ်တရားတွေ ရှိနေတယ်လို့ ဒီလိုလည်း မရှိကောင်းဘူးတဲ့။

အကြောင်းတိုက်ဆိုင်လို့ ဖျတ်ခနဲ ဖြစ်ပေါ်လာပြီးတော့ ဖျတ်ခနဲ ပျက်သွားတာပဲ။ ပျက်သွားပြီးတဲ့နောက် ပိုင်းမှာလည်း ဒီရုပ်တရား၊ နာမ်တရားတွေ ဒီခန္ဓာကိုယ် ဘယ်နေရာမှာ ကျန်နေသေးတယ်၊ ကျန်နေခဲ့တယ်လို့ ဒီလိုလည်း ရှိကောင်းသလား၊ မရှိကောင်းဘူးလား ... မရှိကောင်းပါဘုရား။ မရှိကောင်းတော့ဘူး။ ဖြုတ်ဆိုပျောက်သွားတာပဲတဲ့။ ဖြစ်ခိုက်ကလေးမှာပဲရှိတယ်။ ဒါကြောင့် ဖြစ်ခိုက်ပစ္စုပ္ပန်လေးတည့်အောင် ရှုမှတ်တတ်ဖို့ မလိုအပ်ပါဘူးလား ... လိုအပ်ပါတယ်ဘုရား။

www.dhammadownload.com

အဲဒီဖြစ်ခိုက်ပစ္စုပ္ပန်လေးတည့်အောင် မြန်မြန်ထက်ထက်ကြီး ပြုလုပ်နေလို့ရှိရင် ပစ္စုပ္ပန်တည့်မလား၊ မတည့်ဘူးလား ... မတည့်ပါဘုရား။ သိမ်သိမ်မွေ့မွေ့နူးနူးညံ့ညံ့ ပြုလုပ်မှ ပစ္စုပ္ပန်တည့်သွားနိုင်တယ်။ ပစ္စုပ္ပန်တည့်မှ ရုပ်တရား၊ နာမ်တရားတို့၏ သဘောလေးတွေ မြင်နိုင်တယ်။

ကိမိဝ = အဘယ်ကဲ့သို့နည်းဟူမူကား၊ **အာကာသေ** = ကောင်းကင်၌၊ **ဝိဇ္ဇုပ္ပါဒေါဝ** = တိမ်လွှာနှစ်ထပ်ခတ်မိလိုက်၍ ဖြစ်ပေါ်လာသော လျှပ်စစ်အရောင်ကဲ့သို့၊ **ဥပ္ပဇ္ဇန္တိ စ** = ဖြစ်လည်းဖြစ်ကြကုန်၏။ **ဝယန္တိ စ** = ပျက်လည်းပျက်သွားကြကုန်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥပမာအားဖြင့် ဘယ်လိုပါလဲ။ တရားနာပရိသတ်များရဲ့သန္တာန်မှာဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရားတွေ ဖြစ်တာဘယ်လိုပါလဲဆိုတော့ ကောင်းကင်မှာ လျှပ်စီး

www.dhammadownload.com

လက်သလိုပါပဲ။ ကောင်းကင်မှာ တိမ်လွှာနှစ်ထပ် ခတ်မိလို့ လျှပ်စစ်ရောင်တွေ ဝင်းခနဲဝင်းခနဲ လက်သွားတယ်။

အဲဒီလျှပ်စစ်ရောင်ဟာ လက်ပြီးတာနဲ့ ဖျတ်ခနဲဆိုပျောက်သွားတာပဲ။ မလက်ခင်ကလည်း ဘယ်တိမ်တိုက်မှာ ဒီလျှပ်စစ်အရောင်တွေ ရှိနေတယ်လို့ သွားရှာလို့ရသလား၊ မရဘူးလား ... မရပါဘုရား။ လက်ပြီးတဲ့နောက်ပိုင်းမှာလည်း ဒီလျှပ်စစ်အရောင်တွေဟာ ဘယ်တိမ်တိုက်ထဲမှာ ကျန်နေခဲ့တယ်လို့ သွားရှာလို့ မရဘူး။ လက်ခိုက်ကလေးပဲ ရှိနေတယ်တဲ့။

အဲဒီလက်ခိုက်ကလေးမှာ ကောင်းကင်ကို မော်ကြည့်နေတဲ့ပုဂ္ဂိုလ်က ဘယ်နားက လျှပ်စီးလက်သွားတယ်လို့ သိရသလိုပါပဲ။ တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ ရုပ်တရား၊ နာမ်တရား ၂-ပါးလုံးဟာလည်း ဖြစ်ခိုက်လေးပဲရှိတယ်။ မဖြစ်ခင်ကလည်း ဒီခန္ဓာကိုယ် ဘယ်နေရာမှာ ဒီရုပ်တရား၊ နာမ်တရားတွေရှိနေတယ်လို့ ဒီလိုလည်း ရှိကောင်းလား၊ မရှိကောင်းဘူးလား ... မရှိကောင်းပါဘုရား။ ဖြစ်ပြီးတဲ့နောက်ကာလမှာလည်း ဒီခန္ဓာကိုယ် ဘယ်နေရာမှာ ဒီရုပ်တရား၊ နာမ်တရားတွေ

www.dhammadownload.com

ရှိနေသေးတယ်၊ ကျန်နေသေးတယ်လို့ ဒီလိုလည်း ရှိကောင်းသလား၊ မရှိကောင်းဘူးလား ... မရှိကောင်းပါဘုရား။ မရှိကောင်းဘူးတဲ့။

လျှပ်စစ်ရောင်လေးလိုပဲ၊ လက်နေတဲ့အခိုက်အတန့်လေးသာ ရှိနေသလို တရားနာပရိသတ်များသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရား ၂-ပါးလည်း ဖြစ်ခိုက်ကလေးပဲရှိတယ်။ ဒါကြောင့် ဖြစ်ခိုက်ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်ဖို့ အရေးမကြီးပါဘူးလား ... အရေးကြီးပါတယ်ဘုရား။ သိပ်အရေးကြီးတယ်။

အဲဒီလို ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်ဖို့ကလည်း ကိုယ်အမူအရာလေးက သိမ်မွေ့နေမှ။ သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ လျောင်းတာ၊ ကွေးတာ၊ ဆန့်တာ၊ ငဲ့တာ၊ စောင်းတာလေးတွေက သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ လူမမာကဲ့သို့၊ အားနည်းနေတဲ့လူမမာကဲ့သို့၊ ခါးနာနေတဲ့လူမမာကဲ့သို့ ပြုလုပ်နိုင်မှသာလျှင် မှတ်သိစိတ်က မီပြီးတော့ ပစ္စုပ္ပန်တည့်သွားနိုင်တယ်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ ပြည့်ဝအားအင်၊ ရှိသူပင်၊
အားအင်နည်းပမာ။

တရားနာပရိသတ်များလို မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေရတဲ့အထိ ဝိပဿနာတရားကို အားထုတ်တော့မယ်ဆိုပြီးတော့ ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် နဂိုက အားအင်တွေ ဘယ်လိုပင် ပြည့်ဖြိုးကြွားသော်လည်း၊ သန်စွမ်းကြွားသော်လည်း အားအင်မရှိတဲ့လူမမာလို ကျင့်ရမယ်လို့ အရှင်မဟာကစ္စာယနမထေရ် ဩဝါဒမိန့်ကြားပါတယ်။ ၄-ခုမြောက် မိန့်ကြားချက်လည်း အသင့်အတင့် ပြည့်စုံသွားပါပြီ။

ဆောင်ပုဒ်။ ။ ဣန္ဒြေသို့ပင်၊ ကျင့်နိုင်လျှင်၊
တရားမြင်မည်သာ။

မိမိ၏ မျက်စိအကြည်၊ မျက်စိအမြင်ဟာ ဘယ်လိုပင်ကောင်းကြွားသော်လည်း မမြင်တဲ့ပုဂ္ဂိုလ်လို၊ ကန်းနေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်။

www.dhammadownload.com

မိမိ၏ နားအကြည်၊ နားအကြားဟာ ဘယ်လိုပင် ကောင်းပြားသော်လည်း နားမကြားတဲ့ပုဂ္ဂိုလ်လို၊ နားပင်းနေတဲ့ပုဂ္ဂိုလ်လို ကျင့်နိုင်ရမယ်။

စကားပြောကောင်းတဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်စေကာမူ ယခုလို ဝိပဿနာတရား အားထုတ်နေတဲ့အခိုက်အတန့်မှာ စကားမပြောတတ်တဲ့ပုဂ္ဂိုလ်လို၊ အ-နေ၊ ဆွံ့နေတဲ့ပုဂ္ဂိုလ်လို ကျင့်ရမယ်။

အားအင်သန်စွမ်းတဲ့၊ အားအင်တွေပြည့်ဖြိုးနေတဲ့ ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ ယခုလို မဂ်ရောက်၊ ဖိုလ်ရောက်၊ မဂ်တရား၊ ဖိုလ်တရားတွေ ရတဲ့အထိ ရည်မှန်းပြီးတော့ ဝိပဿနာတရား အားထုတ်နေတဲ့အခိုက်အတန့်မှာ အားအင်နည်းနေတဲ့ လူမမာကဲ့သို့ ကျင့်ရမယ်တဲ့။

ဤ ၄-ချက်နဲ့ညီအောင် ကျင့်နိုင်မယ်ဆိုလို့ရှိရင် တရားတွေ မြင်သွားပါလိမ့်မယ်။ တရားမြင်ဖို့က အရေးမကြီးပါဘူးလား ... အရေးကြီးပါတယ်ဘုရား။ တရားမြင်ဖို့၊ တရားတွေ့ဖို့က သိပ်အရေးကြီးတယ်။ တရားမြင်သွားပြီ၊ တရားတွေ့သွားပြီဆိုလို့ရှိရင် တရားအတွေ့ကောင်း

www.dhammadownload.com

တာနဲ့အမျှ ယောဂီက စိတ်အားတွေ ထက်သန်ပြီးတော့ ဆင့်ကာဆင့်ကာအားထုတ်၊ တရားတွေ ထူးထူးခြားခြား တက်သွားတတ်ပါတယ်။ တရားထူးတရားမြတ်တွေ ရသွားတတ်ပါတယ်။ တရားတွေ့ဖို့က အဓိကပဲ။

ဓမ္မောစ မဂ်လော လောကေ၊
ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော။
ဓမ္မံ သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဓမ္မောစ = တရားတော်သည်လည်း၊ **လောကေ** = လောကဋ္ဌ၊ **မဂ်လော** = မကောင်းကျိုးတွေပျောက်ကောင်းကျိုးတွေ ရောက်စေတတ်သော မဂ်လာတစ်ပါးပင်တည်း။ **ဓမ္မော** = တရားသည်၊ **ဂမ္ဘီရော** = နက်နဲ၏။ **ဒုဒ္ဒသော** = မြင်နိုင်ခဲ၏။ **ဓမ္မံ** = နက်နဲသော မြင်နိုင်ခဲသောတရားကို၊ **သရဏံ** = ရှုမှတ်သောအားဖြင့် ကိုးကွယ်ရာကို၊ **အာဂမ္မ** = အကြောင်းပြု၍၊ **သဗ္ဗဒုက္ခာ** = ဆင်းရဲဟူသမျှမှ၊ **ပမုစ္စတိ** = လွတ်ရ၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** =

www.dhammadownload.com

ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

လောကမှာ တရားတော် ဖြစ်ပေါ်လာတာဟာ တရားနာပရိသတ်များအတွက် မကောင်းကျိုးတွေပျောက်၊ ကောင်းကျိုးတွေရောက်စေတတ်တဲ့ မင်္ဂလာတစ်ပါးပါပဲတဲ့။ မင်္ဂလာဆိုတာ မကောင်းတဲ့ အပြစ်ဒဏ်အမျိုးမျိုးတွေ ပျောက်ကွယ်ပျောက်ကွယ်သွားပြီးတော့ ကောင်းကျိုးချမ်းသာအမျိုးမျိုးတွေ ရောက်ရှိရောက်ရှိလာစေတတ်သောကြောင့် မင်္ဂလာ။ တရားရှုမှတ်နေရတာ မင်္ဂလာမရှိပါဘူးလား ... မင်္ဂလာရှိပါတယ်ဘုရား။ မင်္ဂလာရှိတယ်။ မင်္ဂလာပါပဲ။

အဲဒီတရားတော်တွေဟာ **ဂမ္ဘီရော** = နက်နဲ၏။ အလွန်ပဲ နက်နဲပါတယ်။ **ဒုဒ္ဒသော** = မြင်နိုင်ခဲ၏။ နက်နဲတယ်၊ မြင်နိုင်ခဲတယ်တဲ့။ နည်းမှန်လမ်းမှန် ရှုမှတ်တတ်မှ၊ အရှင်မဟာကစ္စာယနမထေရ် ညွှန်ကြားချက်တွေနဲ့အညီ ရှုမှတ်နိုင်မှ မှတ်အားတွေ ကောင်းပြီးတော့

www.dhammadownload.com

တရားတွေ မြင်သွားနိုင်တယ်။ နက်နဲတဲ့တရားတွေကို မြင်လာနိုင်တယ်၊ တွေ့လာနိုင်တယ်။

ရှုမှတ်သောအားဖြင့် တရားကို တွေ့သွားပြီဆိုလို့ ရှိရင် ထိုပုဂ္ဂိုလ်ဟာ ဆင်းရဲဒုက္ခဟူသမျှမှ လွတ်တော့မယ်။ **သဗ္ဗဒုက္ခာ** = ဆင်းရဲဟူသမျှမှ၊ **ပမုစ္စတိ** = လွတ်ရ၏။ တရားတွေ့သွားတဲ့ပုဂ္ဂိုလ် တရားအတွေ့ကောင်းတာနဲ့အမျှ စိတ်တွေဝင်စားပြီးတော့ ဆက်ကာဆက်ကာ အားထုတ်။ တရားတွေ ထူးထူးခြားခြားတွေ့၊ တရားတွေ ထူးထူးခြားခြားတက်၊ တရားထူးတရားမြတ်တွေ ရသွားတဲ့အခါ ဆင်းရဲဒုက္ခတွေမှ မလွတ်သွားပါဘူးလား ... လွတ်သွားပါတယ်ဘုရား။

သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ရောက်သွားတာနဲ့ တစ်ပြိုင်နက်တည်း အပါယ်သံသရာ အပါယ်ဆင်းရဲတွေက မလွတ်သွားပါဘူးလား ... လွတ်သွားပါတယ်ဘုရား။ လွတ်သွားပြီ။

သကဒါဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ရောက်သွားတာနဲ့ တစ်ပြိုင်နက်တည်း လူပြည်၊ နတ်ပြည် ၆-ထပ်မှာ

www.dhammadownload.com

ကာမသုဂတိ ၇-ဘုံမှာဖြစ်ရမယ့် အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဒုက္ခတွေ တစ်ကြိမ်သာခံရတော့မယ်။ ဘဝအားဖြင့် ၂-ဘဝသာခံရတော့မယ်။ မသက်သာသွားပါဘူးလား ... သက်သာသွားပါတယ်ဘုရား။ သက်သာသွားတယ်။

အနာဂါမ်ဖြစ်သွားတာနဲ့ တစ်ပြိုင်နက်တည်း၊ တရားထူးတရားမြတ် ရသွားတာနဲ့ တစ်ပြိုင်နက်တည်း ကာမသုဂတိ ၇-ဘုံ၊ လူ့ပြည်၊ နတ်ပြည် ၆-ထပ်ဆိုတဲ့ ကာမသုဂတိ ၇-ဘုံမှာဖြစ်ရမယ့် အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဒုက္ခတွေ အပြီးတိုင် လွတ်မြောက်သွားပြီ။

သဗ္ဗာဒုက္ခာ ပမုစ္စတိ = အလုံးစုံသော ဒုက္ခတွေက အပြီးတိုင် လွတ်မြောက်သွားပြီ။ ကာမဘုံမှာဖြစ်ရမယ့် ဒုက္ခတွေ၊ ကာမဘုံဆိုတာ အလွန်ဒုက္ခများတာကိုး။ အဲဒီကာမဘုံမှာဖြစ်ရမယ့် အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဒုက္ခတွေ အနာဂါမ်ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် အပြီးတိုင် လွတ်မြောက်သွားပြီ။

www.dhammadownload.com

ဝိပဿနာတရားရှုမှတ်လို့ တရားတွေ အတွေ့ကောင်းလို့ ရဟန္တာဖြစ်သွားပြီဆိုလို့ရှိရင်တော့ သဗ္ဗာဒုက္ခာပမုစ္စတိ = အလုံးစုံသော ဒုက္ခဟူသမျှမှ လွတ်မြောက်သွားပြီ။ ၃၁-ဘုံမှာဖြစ်ရမယ့် အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဒုက္ခတွေ အပြီးတိုင် လွတ်မြောက်သွားမှာပဲတဲ့။ တရားနာပရိသတ်များ ယုံပါရဲ့လား ... ယုံပါတယ်ဘုရား။

ယုံလို့ ယခုလို ကြိုးကြိုးစားစား အားထုတ်နေတာ ဒုက္ခတွေမှ လွတ်မြောက်ကြောင်းအစစ်ပဲ။ တရားအတွေ့ကောင်းတာနဲ့အမျှ တရားတွေ ထူးထူးခြားခြားတက်ပြီးတော့ ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရတော့မယ်လို့ ဝမ်းမြောက်ဝမ်းသာနဲ့ ရှုမှတ်နေကြဖို့ပါပဲ။

ဤကဲ့သို့ ယနေ့ယခုအခါ၌ အရှင်မဟာကစ္စာယနမထေရ် ညွှန်ကြားတဲ့ သြဝါဒ ၄-ချက်ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ်၊ တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်း

www.dhammadownload.com

အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြု နိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရား ပေးသောဆုနဲ့ ပြည့်စုံရပါလို၏၊
အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်